# မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။ )

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ (က) မြေသြဇာဥပဒေတွင် ပါရှိသော **"မန်နေဂျာ"** ဆိုသည့်စကားရပ်ကို **"ဦးစီးမှူး"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) မြေသြဇာဥပဒေတွင် ပါရှိသော **"စစ်ဆေးရေးမှူး"** ဆိုသည့် စကားရပ်ကို **"စစ်ဆေးရေး အဖွဲ့"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) မြေသြဇာဥပဒေတွင် ပါရှိသော **" မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း "** ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေးဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ (က)တွင် ပါရှိသော **"ဦးဆောင်ညွှန်ကြားရေးမှူး"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကား ရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(င) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(င) **စံချိန်စံညွှန်း** ဆိုသည်မှာ သက်ဆိုင်ရာမြေသြဇာတွင် ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ မြေသြဇာကော်မတီက သတ်မှတ်သော အနည်းဆုံးပါဝင်ရမည့် အချိုးအစား နှင့် အရည်အသွေးစံ သတ်မှတ်ချက်ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(ဍ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဍ) **လိုင်စင်** ဆိုသည်မှာ မြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ(ဏ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဏ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၂၂ အရ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။"

၄။ မြေသြဇာဥပဒေ ပုဒ်မ ၅ ၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) မြေသြဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့က တင်ပြလာသော မြေသြဇာနမူနာ ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်နှင့် စပ်လျဉ်း၍ မြေသြဇာစံချိန်စံညွှန်းနှင့် ညီ မညီ အဆုံးအဖြတ်ပေးခြင်း၊"

၅။ မြေသြဇာဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရ မည်။"

၆။ မြေသြဇာဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၆။ မြေသြဇာလုပ်ငန်းလုပ်ကိုင်သူသည် မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) တင်သွင်း၊ ထုတ်လုပ် မှတ်ပုံတင်လက်မှတ်အမှတ်၊

(ခ) အမှတ်တံဆိပ်၊

(ဂ) မြေသြဇာ၏ အသားတင်အလေးချိန်၊

(ဃ) အရည်အသွေးအာမခံချက်၊

(င) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(စ) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်၊

(ဆ) မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန် အညွှန်းစာနှင့် သတိပြုရန် အချက်များ။"

၇။ မြေသြဇာဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ လိုင်စင် ရရှိသူသည် ပုဒ်မ ၁၆ ပါအချက်များ ဖော်ပြထားသော မှတ်ပုံတင် လက်မှတ်ရရှိ ထားသည့် မြေသြဇာကိုသာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူး ရောင်းချခြင်းပြုရမည်။"

၈။ မြေသြဇာဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မြေသြဇာ သိုလှောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေး ဦးစီးဌာနသို့ လျှောက်ထားရမည်။"

၉။ မြေသြဇာဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင် ရန် -

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေး ရေးအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေအသုံးချရေးတာဝန်ခံ — အဖွဲ့ခေါင်းဆောင်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

(ခ) ခရိုင်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်း တာဝန်ပေးအပ် နိုင်သည် -

(၁) ခရိုင် မြေအသုံးချရေးတာဝန်ခံ — အဖွဲ့ခေါင်းဆောင်

(၂) ခရိုင် ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

(ဂ) မြို့နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) မြို့နယ်ဦးစီးမှူး အဖွဲ့ခေါင်းဆောင်

(၂) မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး အဖွဲ့ဝင်များ

၁၀။ မြေသြဇာဥပဒေ ပုဒ်မ ၂၃ တွင် -

(က) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ခ) မြေသြဇာကို စံချိန်စံညွှန်းနှင့်ညီ၊ မညီစစ်ဆေးရန် မြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်တို့ကို မြေအသုံးချရေး ဌာနခွဲသို့ ဆက်လက်တင်ပြခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေး တွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှ တဆင့် မြေသြဇာကော်မတီသို့ တင်ပြခြင်း၊"

၁၁။ မြေသြဇာဥပဒေ ပုဒ်မ ၂၆ တွင် -

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။"

(ခ) ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ရမည်။

၁၂။ မြေသြဇာဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်း လိုင်စင်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေသြဇာ ကော်မတီသို့ အယူခံနိုင်သည်။"

၁၃။ မြေသြဇာဥပဒေ ပုဒ်မ ၃၂ တွင် ပါရှိသော "ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည် ထုပ်ပိုးခြင်း" ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၁၄။ မြေသြဇာဥပဒေ ပုဒ်မ ၃၆ တွင်ပါရှိသော " ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၅၀၀၀၀ အထိ ဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀ သိန်းအထိ ဖြစ်စေ၊" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြေသြဇာဥပဒေ ပုဒ်မ ၃၇ တွင်ပါရှိသော "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် တစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ငါးသိန်းအထိ ဖြစ်စေ၊" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ပုံ( သိန်းစိန် )

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်